ကပြင်ရပ်ဝန်း

ISP Insight Email

ISP Series

အတွဲ-၂၊ အမှတ်-၁ • ဇန်နဝါရီ ၁၉ ရက်၊ ၂၀၂၄ ခုနှစ်

# နေပြည်တော်လိုဂျိ-၃
## စစ်ခေါင်းဆောင်နှင့် စီနီယာလူဟောင်းများ

လွှတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့တပ်မတော်အဖို့ မကြုံစဖူး မရှုမလှရှုံးနိမ့်ရမှုကို ရင်ဆိုင်နေရသည်။
ထိုအခြေအနေကို တပ်မတော် ခေါင်းဆောင်ဟောင်းများက မည်သို့ သဘောထားမည်နည်း။



၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က နေပြည်တော်၌ ပြုလုပ်ခဲ့သော
စစ်အစိုးရ လေးလပတ်အစည်းအဝေးတွင် တွေ့ရသည့် စစ်ခေါင်းဆောင်များ။

MYANMAR NEWS AGENCY/AFP

## အယ်ဒီတာမှတ်စု

### EDITOR'S NOTE

အာဏာရှင်စနစ်တွေကို လေ့လာရာမှာ ကရင်မလင်နိုလိုဂျီ (Kremlinology)၊ ပြုံယမ်းဂိုလိုဂျီ (Pyongyangology) နဲ့ ပီကင်းဂိုလိုဂျီ (Pekingology) တို့လို နေပြည်တော်လိုဂျီ (Naypyitaw-logy) ဆိုတာမျိုး ဖြစ်လာတာကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၉ ရက်ထုတ် ISP Insight Email **အမှတ်-၂၄** မှာ ဆွေးနွေးခဲ့ဖူးပါတယ်။ ပိတ်မှောင်သိုသိပ်တဲ့သဘော ရှိနေတတ်တဲ့ အာဏာရှင်အစိုးရတွေအကြောင်းကို နိုင်ငံတကာပညာရှင်တွေက ခန့်မှန်းဖော်ထုတ် ဆွေးနွေးကြသလို ISP-Myanmar ကလည်း လေ့လာခဲ့တာပါ။ အဲဒီဟာနဲ့တဆက်တည်း 'စစ်တပ်အတွင်း ဆက်ခံရေး အကျပ်အတည်း' ဖြစ်နေတာကိုလည်း နေပြည်တော်လိုဂျီ (အပိုင်း-၂) အဖြစ် ISP Insight Email အမှတ်-၂၅ မှာ တစိတ်တပိုင်း ဖော်ပြခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ဒီလိုအကြောင်းတွေကို နေပြည်တော်လိုဂျီ ခေါင်းစဉ်အောက်ကနေ အလျဉ်းသင့်သလို ဆွေးနွေးဖော်ပြသွားပါမယ်။

ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေရဲ့ 'စစ်ဆင်ရေး ၁၀၂၇' စတင်ခဲ့ပြီးတဲ့နောက် မြန်မာစစ်တပ်အဖို့ စခန်းအများအပြား၊ လူသူလက်နက် အများအပြားဆုံးရှုံးခဲ့ရသလို စွန့်လွှတ်ခဲ့ရတဲ့မြို့တွေလည်း ရှိပါတယ်။ ဒါဟာ လွတ်လပ်ရေးရပြီးနောက် မြန်မာစစ်တပ်အဖို့ မကြုံစဖူး မရှုမလှရှုံးနိမ့်ရမှုကြီး ဖြစ်ပါတယ်။ ဒီအပေါ်မှာ စစ်ခေါင်းဆောင်ဟောင်း စီနီယာကြီးတွေ ဘယ်လိုသဘောထားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါကြောင့်ပဲ လက်ရှိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (အာဏာသိမ်းစစ်ခေါင်းဆောင်) **ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ စီနီယာလူဟောင်းတွေအကြား ဆက်ဆံရေး** ဘယ်လိုရှိမလဲဆိုတာ ဒီတပတ်မှာ စောကြောထားပါတယ်။

အဲဒါအပြင် ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ စစ်ကောင်စီအကြား တရုတ်နိုင်ငံ ကြားဝင်ပေးမှုအရ ဖြစ်လာတဲ့ **ယာယီအပစ်ရပ်ခြင်းက တည်မြဲပါ့မလား**၊ ခဏအနားယူပြီး အားပြန်ဖြည့်ဖို့ ပြင်ဆင်ခြင်းလား။ ဒါကိုလည်း 'စောင့်ကြည့်ရမည့် အရေးကြီးဖြစ်စဉ်များ' ကဏ္ဍမှာ ဆွေးနွေးထားပါတယ်။ ၂၀၂၄ ခုနှစ်အတွင်းမှာ ကမ္ဘာတလွှားရွေးကောက်ပွဲတွေ အများအပြား ဖြစ်လာဦးမှာပါ။ ဒါကိုလည်း ဖတ်မှတ်စရာတခုအဖြစ် ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံမှာတော့ ပုံမှန်နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု၊ ဒီမိုကရေစီရွေးကောက်ပွဲတွေနဲ့ ဝေးနေဦးမှာပါ။ ■

သတိပြုစရာ အကြောင်းအချက်

KEY TAKEAWAY

# နေပြည်တော်လိုဂျီ-၃
# စစ်ခေါင်းဆောင်နှင့် စီနီယာလူဟောင်းများ

မြန်မာ့တပ်မတော်အဖို့ လွတ်လပ်ရေးရပြီးနောက်ပိုင်း မကြုံစဖူး မရှုမလှရှုံးနိမ့်ရမှုကို ရင်ဆိုင်နေရသည်။ ထိုအခြေအနေကို တပ်မတော် ခေါင်းဆောင်ဟောင်းများက မည်သို့ သဘောထားမည်နည်း။

---

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးတဲ့နောက် တပ်မတော်အပေါ် နိုင်ငံရေးအရ လူထုထောက်ခံမှု သိသိသာသာကျဆင်းသွားပြီး အခုအချိန်မှာ အနိမ့်ဆုံးဖြစ်နေပါတယ်။ သမိုင်းတလျှောက် တပ်မတော်ခေါင်းဆောင်တွေ ဖော်ပြခဲ့ကြတဲ့ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်သူ (Guardian) အဖြစ် ရပ်တည်နေမှုနဲ့ တပ်မတော်က မြန်မာ့နိုင်ငံရေးမှာ ဗဟိုချက်မက နေလိုတဲ့ ဆန္ဒ (၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၆ ပုဒ်မခွဲ-စ မှာ ‘နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်’လို့ ဆိုထားပါတယ်)ကတော့ လုံးလုံးလျားလျား စိန်ခေါ်ခံနေရပါပြီ။ တပ်မတော်ဟာ နိုင်ငံရေးမှာလည်း အောင်မြင်မှုမရသလို သူ့ရဲ့ အဓိကလုပ်ငန်းတာဝန်ဖြစ်တဲ့ ကာကွယ်ရေးနဲ့ စစ်ရေးမှာလည်း အရေးနိမ့်မှုတွေက မငြင်းကွယ်နိုင်လောက်အောင် ဖြစ်ပေါ်လာပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရွေးကောက်ခံအရပ်သားတွေကို ဖြုတ်ချဖမ်းဆီးပြီး အာဏာသိမ်းလိုက်တဲ့အခါ ဒဏ္ဍာရီထဲက ပန်ဒိုရာအိုး (Pandora’s box) ဖွင့်လိုက်သလို သူကိုယ်တိုင်တောင် ထင်မှတ်ထားမှာမဟုတ်တဲ့ ဒုက္ခပေါင်းစုံ ပေါ်ထွက်လာပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ ဆယ်စုနှစ်တခုအတွင်း ရထားတဲ့ တည်ငြိမ်မှုနဲ့ ကောင်းသတင်းတွေ ပျက်သုဉ်းခဲ့သလို အရှိန်ရခါစ စီးပွားရေးကလည်း ပြေးလမ်းမရောက်ခင်မှာတင် ရပ်တန့်ပျက်စီးသွားပါတယ်။ အဲဒီအစား နိုင်ငံတကာရဲ့ ဒဏ်ခတ်ပိတ်ဆို့မှု၊ ကျပ်တည်းရှားပါးမှု၊ မတည်ငြိမ်မှုတွေနဲ့ ကျယ်ပြန့်လာတဲ့ စစ်မျက်နှာစာနဲ့အတူ လက်နက်ကိုင်တော်လှန်ရေး တပ်ဖွဲ့သစ်တွေ နေရာအနှံ့အပြား ပေါ်ထွန်းလာပါတယ်။ ဈေးတွေတက်၊ မီးတွေပြတ်၊ ကုန်စည်တွေပြတ်လပ်၊ ကုန်သွယ်ရေးလမ်းကြောင်းတွေကလည်း ရပ်တလှည့်၊ စီးတလှည့်။ ရေရှည်တည်ငြိမ်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ဘယ်သူတဦးကမှ မစဉ်းစားနိုင်တော့ပါဘူး။ နိုင်ငံရေးအရလည်း စစ်အာဏာသိမ်းပြီး သုံးနှစ်တိုင်အောင် ထွက်ပေါက်မဲ့နေတုန်းပါပဲ။ စစ်ကောင်စီက ကတိကဝတ်ပြုထားတဲ့ ရွေးကောက်ပွဲကလည်း ၂၀၂၄ ခုနှစ်အတွင်း အထမြောက်ဖို့ မဖြစ်နိုင်သေးပါဘူး။

နိုင်ငံရေးအင်အားစုတွေနဲ့ တွေ့ဆုံညှိနှိုင်းရေး လုပ်မယ့်ပုံမရှိသလို အရေးပါတဲ့ နိုင်ငံရေး ခေါင်းဆောင်တွေကိုလည်း ထောင်သွင်းအကျဉ်းချထားပါတယ်။ လူရှိသေ ရှင်ရှိသေရှိတဲ့ ပါတီကြီးတွေကိုလည်း အမိန့်တချက်တည်းနဲ့ ဖျက်ပစ်ခဲ့ပါပြီ။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာလည်း ပိတ်ဆို့နေခဲ့ပါပြီ။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို ဦးတည်ချက်ထားတယ်လို့ စစ်ကောင်စီက ဖော်ပြတဲ့တိုင် ဒီအချက်က နိုင်ငံရေးအင်အားစုတွေနဲ့ အတိုက်အခံတွေအတွက် ယုံကြည်ဖွယ် စည်းရုံး တိုက်တွန်းမှုတခု ဖြစ်မနေပါဘူး။ ဒီအခြေအနေတွေဟာ အရင်တပ်မတော်ခေါင်းဆောင် လူဟောင်းတွေ မျှော်မြင်ထားတဲ့ပုံစံမျိုးတော့ ဟုတ်ဟန်မတူပါဘူး။ သူတို့ လက်နဲ့ရေးခဲ့တာ တွေကို ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ခြေနဲ့ဖျက်ပစ်ခဲ့ပြီလို့ ယူဆနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၀ ပြည့်နှစ်ကစလို့ နိုင်ငံရေးအရ အသွင်ပြောင်းလဲမှုတရပ် စတင်ခဲ့ပါတယ်။ ဒါဟာ တပ်မတော်က ဦးဆောင်တဲ့ အပြောင်းအလဲတရပ် စတင်ခဲ့တာဖြစ်သလို နိုင်ငံရေးကို တစိတ်တပိုင်းဖြေလျှော့မှုနဲ့ ပုံမှန် အခြေအနေဖြစ်ရေး လမ်းကြောင်းပေါ်ကို ပြန်လျှောက်လှမ်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ အပြောင်းအလဲစတင်ခဲ့ချိန်မှာ အရင် စစ်အစိုးရခေါင်းဆောင် ဦးသန်းရွှေက ရွေးကောက်ခံ အစိုးရကို အာဏာလွှဲခဲ့တာမဟုတ်ပါဘူး။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ကို အာဏာလွှဲတာ၊ တပ်မတော်နဲ့ USDP ပါတီ ပူးတွဲလို့ နိုင်ငံကို နောက်ထပ်အနှစ် ၅၀ ဆက်ပြီးအုပ်ချုပ်သွားဖို့ ရည်ရွယ်ချက်ရှိတယ် စသဖြင့် တပ်မတော်ခေါင်းဆောင်ဟောင်း တချို့ ရေးသားခဲ့ကြတဲ့ 'အသွင်ကူးပြောင်းရေး စာပေမှတ်တမ်း'တွေမှာ ဖတ်ခဲ့ရပါတယ်။ အာဏာရှင်ဟောင်း ဦးသန်းရွှေဟာ သူ့အရင် စစ်ခေါင်းဆောင်ဟောင်းတွေဖြစ်တဲ့ ဦးနေဝင်းနဲ့ ဦးစောမောင်တို့လို မဖြစ်ရအောင် စိတ်အေးလက်အေးနဲ့ အသေဖြောင့်တဲ့အထိ အနားယူဖို့ အစီအစဉ်ချမှတ်ခဲ့တယ်လို့ ယူဆနိုင်ပါတယ်။

အခုတော့ အသက် ၉၁ နှစ်ထဲရောက်လာတဲ့ ဦးသန်းရွှေလည်း စိတ်အေးနိုင်မှာမဟုတ်ပါ ဘူး။ ၂၀၂၃ ခုနှစ် မေလအစောပိုင်းက တရုတ်နိုင်ငံခြားရေးဝန်ကြီး(ဟောင်း) မစ္စတာချင် ကန်း နေပြည်တော်ကိုလာတဲ့အခါ ဦးသန်းရွှေကိုရော ဦးသိန်းစိန်နဲ့ပါ တွေ့ခဲ့ပါတယ် (ISP OnPoint အမှတ်-၁၄ ကို ရှုပါ)။ စစ်ခေါင်းဆောင်ဟောင်းတွေက နိုင်ငံ့အပြောင်းအလဲအတွက် ဩဇာရှိနေဆဲပဲလို့ တွက်ဆပုံရပါတယ်။ နောက်အကြောင်းတခုက ၂၀၁၁ ခုနှစ် အပြောင်း အလဲလုပ်ချိန်မှာ ဆက်ခံသူအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ဦးသန်းရွှေက ရွေး ချယ်ခဲ့တာကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ အခုအချိန်မှာတော့ တရုတ်နိုင်ငံရဲ့ မူဝါဒအသိုက် အဝန်းထဲမှာလည်း မြန်မာစစ်တပ်အပေါ် နားမလည်နိုင်မှုတွေ ကျယ်ပြန့်နေပါတယ်။

စစ်အရာရှိဟောင်းတွေနဲ့ နီးစပ်သူတွေရဲ့အဆိုအရ ဦးသန်းရွှေဟာ လာရောက်ဂါရဝပြု ကန်တော့သူတွေအတွက်ရော၊ အကြံဉာဏ်တောင်းခံ သူတွေအတွက်ပါ သူ့ခြံတံခါးကို ဖွင့်ထားတယ်လို့ ဆိုပါတယ်။ ဒီလိုသာဆိုရင် သူ့ကို လာရောက်ဂါရဝပြုသူ တပည့်တပန်းဟောင်းတွေဆီကနေ တိုင်းပြည်အခြေအနေ တင်ပြရင်ဖွင့်ကြတာကိုလည်း (သူ နားထောင်ချင်ရင်) ကြားရမှာပါ။ တချိန်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်လည်း ဦးသန်းရွှေကို သွားတွေ့ခဲ့ပါသေးတယ်။ အခုချိန်မှာတော့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ 'သိပ်ပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလွန်ကဲသွားပြီ'လို့ ဦးသန်းရွှေက မှတ်ချက်ပြုကြောင်း ပြောသံတွေလည်း ကြားရပါတယ်။ ဒီကြားထဲ ဦးသန်းရွှေအိမ်ကို ခြံစည်းရိုးတထပ် ထပ်ကာလိုက်တယ်ဆိုတဲ့ သတင်းတွေထွက်ခဲ့သလို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် သွားရောက်ဂါရဝပြုတဲ့ သတင်းတွေလည်းရှိပါတယ်။ ဒါပေမဲ့ အဲသလိုအချိန်မျိုးမှာ သူ့ရဲ့မိသားစု သားမြေးတွေတပုံကြီးနဲ့ ပုဂ္ဂိုလ်ရေးဆက်ဆံမှုသဘောမျိုးသာ သွားခဲ့ပြီး ဦးသန်းရွှေအနေနဲ့ နိုင်ငံရေးစကားပြောခွင့်မသာအောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (ဦးသန်းရွှေကို) တမင်အကွက်ချထားတတ်တယ်ဆိုတဲ့ ပြောဆိုမှုတွေလည်း ရှိပါတယ်။

ဦးသိန်းစိန်ကတော့ သူ့ရဲ့ ပြုပြင်ပြောင်းလဲရေးနာမည်ကောင်းကို ထိန်းသိမ်းရင်း နိုင်ငံရေးအရှုပ်တွေထဲ ဆက်လက်ပါဝင်ချင်ပုံ မရပါဘူး။ သူရဦးရွှေမန်းကိုပါ မြင်ခဲ့ရတဲ့ NCA ရှစ်နှစ်ပြည့် နှစ်ပတ်လည်ပွဲမှာ ဦးသိန်းစိန်ကို မမြင်ခဲ့ရတာကလည်း ထူးခြားပါတယ်။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးမောင်အေးအပါအဝင် စစ်ထောက်လှမ်းရေးခေါင်းဆောင်ဟောင်း ဦးခင်ညွန့်တို့လည်း အိုမင်းမစွမ်းဖြစ်နေပါပြီ။ မြန်မာ့တပ်မတော်သမိုင်းမှာတော့ အင်စတီကျူးရှင်းသဘောအရ ပြင်ပကိုရောက်သွားသူတွေက လက်ရှိတပ်မတော်အရေး ဝင်ရောက်စွက်ဖက်ခဲ့ကြတဲ့သမိုင်း မရှိသလောက်ပါပဲ။ အခြားနိုင်ငံတွေမှာ တွေ့ကြရသလို စစ်တက္ကသိုလ်သင်တန်း အပတ်စဉ်တူသူချင်း အုပ်စုဖွဲ့ သြဇာထူထောင်နိုင်မှုက မြန်မာနိုင်ငံမှာ ဖြစ်ခဲလှပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာချိန်မှာ အဲဒီအချိန်က သူ့အထက်အရာရှိဖြစ်တဲ့ ဦးမောင်အေးနဲ့ စစ်တက္ကသိုလ်အပတ်စဉ် မျိုးဆက်ပေါင်း ၁၈ ခုကွာခြားပါတယ်။ ဦးမောင်အေးက DSA-1 ဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က DSA-19 ဖြစ်ပါတယ်။ အခုအချိန်မှာလည်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ သူ့နေရာ ဆက်ခံမယ့်သူကို လျာထားတဲ့အခါ အလားတူ မျိုးဆက်ပေါင်းများစွာ ကွာခြားပြီးမှ ခန့်အပ်တာမျိုးလုပ်ချင်ပုံရပါတယ်။ အဲဒီလို မျိုးဆက်ကျော်လွှား ခန့်အပ်မှုတွေကြောင့်ပဲ စစ်တပ်အတွင်းဆက်ခံသူ အကျပ်အတည်း ဖြစ်စေခဲ့ပါတယ် **(ISP Insight Email အမှတ်-၂၅ ကို ရှုပါ)**။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဟာ စစ်ခေါင်းဆောင်နေရာ ရခဲ့ပြီးနောက်ပိုင်း ကြားကာလတွေမှာ သူနဲ့ မျိုးဆက်မတိမ်းမယိမ်း စစ်တက္ကသိုလ်အုပ်စုတွေကို အနားပေးတန်ပေး၊ အရန်အင်အားထဲ ရွှေ့လိုရွှေ့၊ နိုင်ငံရေးဘက် ပြောင်းလိုပြောင်းခိုင်းနဲ့ လုပ်ဆောင်ခဲ့ပါတယ်။ တနည်းဆိုရရင် သူ့အာဏာကို တပ်မတော်ထဲမှာ စုစည်းတည်ဆောက်ထားပုံဖြစ်ပါတယ်။

တချို့ကတော့ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနဲ့ စစ်တက္ကသိုလ်အပတ်စဉ်တူသူတွေကို ရည်ညွှန်းလေ့ရှိပါတယ်။ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက DSA-22 ဖြစ်ပြီး အဲဒီအပတ်စဉ်ထဲမှာ လူတော်တွေများတယ်ဆိုတဲ့ ဖော်ပြမှုမျိုး မကြာခဏကြားရပါတယ်။ ဥပမာအားဖြင့် တလောက စစ်ကောင်စီကို ဆန့်ကျင်ဝေဖန်စာတွေရေးတာကြောင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခံခဲ့ရတဲ့ ဦးရဲထွဋ် (ဦးသိန်းစိန် အစိုးရလက်ထက် သမ္မတပြောရေးဆိုခွင့်ရှိသူနဲ့ ပြန်ကြားရေးဝန်ကြီး)ဟာ DSA-22 အပတ်စဉ်ကပါ။ လက်ရှိ စစ်ကောင်စီပြန်ကြားရေးဝန်ကြီး ဦးမောင်မောင်အုန်းနဲ့ အစောပိုင်းမှာ အရန်အင်အားထဲ အပို့ခံခဲ့ရပြီး မကြာသေးခင်ကမှ စစ်ကောင်စီရဲ့ ပြည်ထဲရေးဝန်ကြီးဖြစ်လာတဲ့ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံရေးဘက်ရောက်သွားပြီး အနားယူခဲ့သူ ရေတပ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး(ငြိမ်း) သူရသက်ဆွေနဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရလက်ထက် ပြည်ထဲရေးဝန်ကြီးဖြစ်ခဲ့ပြီးနောက်ပိုင်းမှာ ဖယ်ရှားခံခဲ့ရကာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေတို့ဟာလည်း DSA-22 ကပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် 'စစ်ဆင်ရေး ၁၀၂၇'ကြောင့် စစ်စခန်းတွေ အများအပြား စွန့်လွှတ်ရ၊ မရှုမလှ အရေးနိမ့်ပြီးတဲ့နောက်ပိုင်း အငြိမ်းစား တပ်မတော်အရာရှိတွေနဲ့ လက်ရှိအရာရှိတွေအကြားမှာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပေါ် ဝေဖန်မှုကြီးမားလာပုံရပါတယ်။ တချိန်တုန်းက ကွန်မြူနစ်ပါတီ(ဗမာပြည်)တပ်တွေနဲ့ ရက် ၄၀ ကြာ တိုက်ခိုက်ခဲ့ရပြီး ကာကွယ်နိုင်ခဲ့တဲ့ ကွမ်းလုံဗျူဟာလည်းကျသွားပြီ။ ကိုးကန့်ဒေသတခွင်နဲ့ လောက်ကိုင်ကိုလည်း လက်လွှတ်လိုက်ရပြီ။ ရှမ်းမြောက်ဒေသ၊ သံလွင်အရှေ့ခြမ်းမှာ မြန်မာစစ်တပ် ခြေချနိုင်တဲ့ စခန်းတခုမှ မရှိတော့တဲ့အထိ ဖြစ်ခဲ့ပါတယ်။ အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိတဲ့ လားရှိုးမြို့တောင် မရေရာတဲ့အခြေအနေ ဖြစ်နေပါတယ်။ ဒါတွေဟာ 'တိုင်းပြည်ပြိုကွဲနိုင်တယ်'လို့ ယာယီသမ္မတဦးမြင့်ဆွေ သတိပေးခဲ့တဲ့ အမျိုးသားလုံခြုံရေးနဲ့ ကာကွယ်ရေးကောင်စီ (ကာ/လုံ) အစည်းအဝေးပြီးလို့ နှစ်လကျော်အတွင်း ဖြစ်လာတာပါ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကတော့ ဖြစ်လာသမျှစစ်ပွဲတွေနဲ့ ဖြစ်ခဲ့သမျှတိုင်းဟာ သူနဲ့ မသက်ဆိုင်သလို၊ ဘာမှမဖြစ်သလို ပုံစံမျိုးနဲ့ ပွဲတက်၊ အခမ်းအနားတက်ပြီး လက်တွေ့နဲ့ကင်းကွာလှတဲ့ မိန့်ခွန်းတွေခြွေရင်း တာဝန်ယူမှုတာဝန်ခံမှု ကင်းမဲ့တာကို ပေါ်ပေါ်ထင်ထင်ပဲ ပြသခဲ့ပါတယ်။

ဇန်နဝါရီ ၁၉ ရက်၊ ၂၀၂၄ ခုနှစ်

## ‘စစ်ဆင်ရေး ၁၀၂၇’ကာလအတွင်း စစ်ခေါင်းဆောင်နှစ်ဦး၏ ဆောင်ရွက်မှုများ

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ)

| ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
|---|---|---|
| နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၃)သို့ တက်ရောက်။ NCA ရုစ်နှစ်မြောက်အခမ်းအနား ကျင်းပနိုင်ခဲ့ပုံကို အစည်းအဝေးတွင် ပြောကြား။ ၂၄ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကိုလည်း ကြည့်ရှု။ | အောက်တိုဘာ ၂၆ | နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၃)ကို တက်ရောက်။ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံ။ |
| ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ကြည့်ရှု။ | အောက်တိုဘာ ၂၇ | |
| ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဆဋ္ဌမနေ့ကိုကြည့်ရှု။ | အောက်တိုဘာ ၂၉ | |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ဝင်၊ နိုင်ငံတော်ကောင်စီဝင်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကိုတွေ့ဆုံ။ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကိုလည်း တက်ရောက်။ | အောက်တိုဘာ ၃၁ | |
| ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၃)သို့ တက်ရောက်ခဲ့ပြီး ကိုးကန့်ဒေသ လုံခြုံရေးဆောင်ရွက်မှုများ ရှင်းလင်း။ | နိုဝင်ဘာ ၂ | |
| ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ မဟာဘုံကထိန်ကို တက်ရောက်။ | နိုဝင်ဘာ ၃ | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ မဟာဘုံကထိန်ကို တက်ရောက်။ |
| ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ။ | နိုဝင်ဘာ ၄ | |
| ရန်ကုန်တွင်ပြုလုပ်သော ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းပြုလုပ်ရန် ရောက်ရှိနေသည့် ကိုယ်စားလှယ်စစ်ရေယာဉ်အုပ်စု၏ အလေးပြုခြင်းခံယူ။ | နိုဝင်ဘာ ၆ | |
| ရန်ကုန်ရှိ မြန်မာ့မီးရထား မလ္လကုန်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဂျောင်ဝိုင်းလွန်းကျင်း အခြေအနေများအားစစ်ဆေး။ | နိုဝင်ဘာ ၇ | |
| အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)သို့ တက်ရောက်ပြီး ‘စစ်ဆင်ရေး ၁၀၂၇’နှင့် ပတ်သက်သောအကြောင်းအရာများ ဆွေးနွေး။ | နိုဝင်ဘာ ၈ | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)သို့ တက်ရောက်။ ‘စစ်ဆင်ရေး ၁၀၂၇’နှင့် ပတ်သက်သော အကြောင်းအရာများ ဆွေးနွေး။ |
| ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ။ မြန်မာရော်ဘာဖိုရမ်-၂၀၂၃သို့တက်ရောက်။ | နိုဝင်ဘာ ၉ | |
| နေပြည်တော် ကုတင်-၁,၀၀၀ တပ်မတော်ဆေးရုံတွင် တက်ရောက်နေသော ဒဏ်ရာရစစ်သည်များကို သွားရောက်အားပေး။ | နိုဝင်ဘာ ၁၉ | |
| ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ။ | နိုဝင်ဘာ ၂၃ | |

ကပြင်ရပ်ဝန်း
ISP Timeline

# ‘စစ်ဆင်ရေး ၁၀၂၇’ကာလအတွင်း စစ်ခေါင်းဆောင်နှစ်ဦး၏ ဆောင်ရွက်မှုများ

ဇန်နဝါရီ ၁၉ ရက်၊ ၂၀၂၄ ခုနှစ်

| ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
|---|---|---|
| ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းလှူဒါန်းပွဲ တက်ရောက်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုအားပေး။ | နိုဝင်ဘာ ၂၄ | |
| မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနား တက်ရောက်။ | နိုဝင်ဘာ ၂၅ | |
| မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၌ ပြုလုပ်သော မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ တက်ရောက်။ | နိုဝင်ဘာ ၂၆ | |
| မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၌ ပြုလုပ်သော တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင် ပူဇော်ခြင်း အခမ်းအနား တက်ရောက်။ ရွှေဘုန်းပွင့်စေတီတော်၌ ဆီမီး ၁,၀၀၀ ထွန်းညှိပူဇော်။ | နိုဝင်ဘာ ၂၇ | ရွှေဘုန်းပွင့်စေတီတော်၌ ဆီမီး ၁,၀၀၀ ထွန်းညှိပူဇော်။ |
| နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၃)သို့ တက်ရောက်ပြီး ‘စစ်ဆင်ရေး ၁၀၂၇’နှင့် ပတ်သက်သော အခြေအနေများ ရှင်းလင်း။ | နိုဝင်ဘာ ၂၈ | နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၃)သို့ တက်ရောက်။ လက်နက်ကိုင်အကြမ်းဖက်မှုများ ပပျောက်စေရေး၊ သတင်းအချက်အလက် မှန်ကန်စွာရရှိရေးကို အသားပေးဆွေးနွေး။ |
| | နိုဝင်ဘာ ၃၀ | ၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြု ငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်။ |
| | ဒီဇင်ဘာ ၃ | ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနား တက်ရောက်။ |
| ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်ခဲ့သော်လည်း ‘စစ်ဆင်ရေး ၁၀၂၇’အား ရည်ညွှန်းသည့် အကြောင်းအရာများ ပြောခဲ့ခြင်းမရှိ။ | ဒီဇင်ဘာ ၄ | ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃)သို့ တက်ရောက်။ |
| ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင် ချီးမြှင့်သည့် Order of Alexander Nevskyဘွဲ့ကို လက်ခံရယူခဲ့ပြီး ရုရှားနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး Mr. Nikolai PATRUSHEV အား သရေစည်သူဘွဲ့ ပြန်ပေး။ | ဒီဇင်ဘာ ၅ | ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်ချီးမြှင့်သည့် Order of Friendship ဘွဲ့ကို လက်ခံရယူ။ |
| နေပြည်တော်တွင်ကျင်းပသည့် မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေး ပညာဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၃)သို့ တက်ရောက်။ | ဒီဇင်ဘာ ၆ | |
| စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်-၆၅ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်။ ပြင်ဦးလွင်ရှိ အမျိုးသားကန်တော်ကြီး ဥယျာဉ်ကို သွားရောက်စစ်ဆေး။ ပြင်ဦးလွင် နယ်မြေခံ တပ်မတော်ဆေးရုံရှိ ဒဏ်ရာရစစ်သည်များကိုလည်း သွားရောက်အားပေး။ | ဒီဇင်ဘာ ၈ | |
| ပြင်ဦးလွင်ရှိ ကော်ဖီလုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ။ | ဒီဇင်ဘာ ၉ | အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအခမ်းအနား တက်ရောက်။ |

ကပြင်ရပ်ဝန်း

# ISP Timeline

## ‘စစ်ဆင်ရေး ၁၀၂၇’ကာလအတွင်း စစ်ခေါင်းဆောင်နှစ်ဦး၏ ဆောင်ရွက်မှုများ

ဇန်နဝါရီ ၁၉ ရက်၊ ၂၀၂၄ ခုနှစ်

| ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
|---|---|---|
| လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ရှိ ယာယီနေရပ်စွန့်ခွာဒေသခံများနှင့် နယ်မြေခံ တပ်မတော်ဆေးရုံရှိ ဒဏ်ရာရစစ်သည်များအား သွားရောက်တွေ့ဆုံ။ | ဒီဇင်ဘာ ၁၀ | ၇၅ နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား တက်ရောက်။ |
| တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်-၂၅ သင်တန်းဆင်းပွဲ တက်ရောက်။ ပြင်ဦးလွင်ရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E Falls)ကို သွားရောက်စစ်ဆေး။ | ဒီဇင်ဘာ ၁၁ | |
| ၂၀၂၂ ခုနှစ် အမျိုးသားစာပေ တသက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား တက်ရောက်။ | ဒီဇင်ဘာ ၁၃ | |
| | ဒီဇင်ဘာ ၁၄ | တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၃) တက်ရောက်။ |
| ၇၆ နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် လေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားသို့ တက်ရောက်။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃)သို့လည်း တက်ရောက်။ | ဒီဇင်ဘာ ၁၅ | ၇၆ နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ အခမ်းအနား တက်ရောက်။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)ကိုလည်း တက်ရောက်။ ညနေပိုင်းတွင် လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် ယာယီနေရပ်စွန့်ခွာ ဒေသခံများကို သွားရောက်တွေ့ဆုံ။ |
| | ဒီဇင်ဘာ ၁၆ | လားရှိုးမြို့ နယ်မြေခံတပ်မတော် ဆေးရုံတွင် တက်ရောက်ကုသနေသော စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များကို တွေ့ဆုံ။ |
| ရန်ကုန်တိုင်းအတွင်းရှိ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တံတားဆက်ခြင်းအထိမ်းအမှတ် ရွှေမှုလီတပ်ဆင်ခြင်း အခမ်းအနား တက်ရောက်။ အမှတ်-၁ ရေနံချက်စက်ရုံ (သန်လျင်) ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်မှုကို စစ်ဆေး။ | ဒီဇင်ဘာ ၁၇ | |
| ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်-၂၄ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြော။ | ဒီဇင်ဘာ ၁၈ | |
| နေပြည်တော်တွင်ပြုလုပ်သော ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပွဲတော် ဖွင့်ပွဲတက်ရောက်။ | ဒီဇင်ဘာ ၂၀ | |
| | ဒီဇင်ဘာ ၂၁ | ၂၂ ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်။ |
| ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်-၁၀ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်။ | ဒီဇင်ဘာ ၂၂ | ၂၀၂၃-၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်။ |
| | ဒီဇင်ဘာ ၂၃ | ဗိုလ်တထောင်မြို့နယ်တွင်ပြုလုပ်သော ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနား တက်ရောက်။ |
| ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်။ | ဒီဇင်ဘာ ၂၄ | ၇၆ နှစ်မြောက် တပ်မတော်(ရေ)နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားသို တက်ရောက်။ သန်လျင်တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တပ်မိသားစုဝင်များနှင့် တွေ့ဆုံ။ |

# ‘စစ်ဆင်ရေး ၁၀၂၇’ကာလအတွင်း စစ်ခေါင်းဆောင်နှစ်ဦး၏ ဆောင်ရွက်မှုများ

ဇန်နဝါရီ ၁၉ ရက်၊ ၂၀၂၄ ခုနှစ်

| ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း |
|---|---|---|
| လေးကြိမ်မြောက် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်။ | ဒီဇင်ဘာ ၂၅ | |
| ၂၀၂၃-၂၄ ပညာသင်နှစ်၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်။ | ဒီဇင်ဘာ ၂၆ | တပ်မတော် သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်-၂၁ နှင့် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်-၈ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်။ မင်္ဂလာဒုံတပ်မတော်ဆေးရုံရှိ ဒဏ်ရာရစစ်သည်များကို သွားရောက်အားပေး။ |
| ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေး ညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ချက်ကပေါင် ဂျန်ပန်ပင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ။ | ဒီဇင်ဘာ ၂၇ | |
| ပျဉ်းမနားမြို့ မြို့တော်ထိပ်ပန် မင်္ဂလာစေတီတော် အထက်ဌာပနာသွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓဘိသေက အနေကဇာတင် အခမ်းအနား တက်ရောက်။ | ဇန်နဝါရီ ၂ | |
| ဧယျာသီရိမြို့နယ်ရှိ နေပန်လပန် ရှေးဟောင်းစေတီတော် ထီးတင်ပွဲ တက်ရောက်။ ၇၆ နှစ်မြောက်  လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်အခမ်းအနား တက်ရောက်။ | ဇန်နဝါရီ ၃ | |
| ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဘွဲ့ချီးမြှင့်ခြင်း၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ တံဆိပ်ချီးမြှင့်ခြင်း အခမ်းအနားနှင့် လွတ်လပ်ရေးနေ့ ညစာစားပွဲသို့လည်း တက်ရောက်။ | ဇန်နဝါရီ ၄ | တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာတံဆိပ် ချီးမြှင့်ခြင်း အခမ်းအနား တက်ရောက်။ ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့ ညစာစားပွဲသို့လည်း တက်ရောက်။ |
| တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာစွန်းဝေတုန်နှင့် တွေ့ဆုံခဲ့။ | ဇန်နဝါရီ ၅ | |
| မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ။ | ဇန်နဝါရီ ၆ | |
| | ဇန်နဝါရီ ၈ | ၇၇ နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး တက်ရောက်။ |
| | ဇန်နဝါရီ ၉ | ၂၀၂၃-၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်။ |
| အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုနိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် နေပြည်တော်တွင် တွေ့ဆုံ။ | ဇန်နဝါရီ ၁၀ | မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်။ |
| ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆောင်ဝစ်နွန် ဖက်ဒီးအား ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံ။ | ဇန်နဝါရီ ၁၂ | |
| ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်နှင့် အနောက်ပိုင်း တက္ကသိုလ်များသို့ သွားရောက်။ လှိုင်သာယာမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့။ | ဇန်နဝါရီ ၁၃ | |

အဲဒါတွေအပြင် တော်၏၊ မတော်၏ မစဉ်းစားတော့ဘဲ သူ့ဆန္ဒတွေကို မိန့်ခွန်းတွေထဲ လက်တန်း ထည့်ထည့်ပြောနေတာနဲ့ အများသူငါ အကြံပေးတာတွေနားမထောင်ဘဲ တကိုယ်တော် ဆုံးဖြတ်ချက်ချနေတဲ့ကိစ္စတွေကြောင့် သူ့ကို လိုလားသူတွေကတောင် မကျေမနပ်ဖြစ်လာကြပါတယ်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို မကျေနပ်တဲ့ နောက်ထပ် ခေါင်းဆောင်အုပ်စုကတော့ တပ်မတော်အငြိမ်းစားကနေ နိုင်ငံရေးဘက်ကို ကူးပြောင်းရတဲ့ ပြည်ခိုင်ဖြိုးပါတီ (USDP) ခေါင်းဆောင်တွေပါ။ သူတို့ကတော့ ရွေးကောက်ပွဲရှိလာရင် အစိုးရအာဏာကို မျှော်လင့်နိုင်ပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲက ဘယ်အချိန်မှန်းမသိ၊ ပြောရေးဆိုခွင့်မရှိ ဖြစ်နေရတာပါ။ ပြည်တွင်းပဋိပက္ခတွေရဲ့ ဆိုးကျိုးအဖြစ် သူတို့ပါတီဝင်တွေ ပစ်မှတ်ထား လုပ်ကြံခံနေရတာလည်း ထောင်ဂဏန်းကျော်ပြီဆိုတဲ့ ထုတ်ပြန်ချက်တွေ ရှိခဲ့ပါတယ်။ တကယ်လို့ရွေးကောက်ပွဲဖြစ်လာခဲ့ရင် နိုင်ငံ့အာဏာသုံးရပ်ကို လူတဦးတည်းက ချုပ်ကိုင်ထားတာမျိုး မဟုတ်တော့ဘဲ ဖြန့်ခွဲထိန်းညှိမှု လုပ်လာနိုင်မယ်ဆိုတဲ့ စဉ်းစားပြောဆိုချက်တွေလည်း ရှိလာပါတယ်။

ထူးခြားဖြစ်ရပ်တခုကတော့ ၂၀၂၂ ခုနှစ် စက်တင်ဘာလထဲမှာ ဗိုလ်မှူးချုပ်(ဟောင်း) အုန်းသွင် (အသက် ၇၂ နှစ်) နဲ့ သူ့သမက် ဗိုလ်ကြီးဟောင်းတို့ လုပ်ကြံသတ်ဖြတ်ခံရတာပါ။ ဒီဖြစ်ရပ်က အငြိမ်းစားစစ်အရာရှိ အသိုက်အဝန်းကို တုန်လှုပ်သွားစေပါတယ်။ သူတို့လုံခြုံရေးအတွက် လူချင်းတွေ့ဆုံတာတွေကို လျှော့ချလာပြီး နေပြည်တော်နဲ့ တခြား လုံခြုံရာနေရာတွေကို ပြောင်းသွားကြတာတွေရှိပါတယ်။ ဒါကို ‘အုန်းသွင်ဖက်တာ’ (Ohn Thwin Factor) လို့လည်း ခေါ်ကြပါတယ်။ လုံခြုံရေးယိုယွင်းပျက်ပြားမှုက ထိပ်ပိုင်း တပ်မတော်အရာရှိဟောင်းတွေဆီပါ ထိပါးလာပါတယ်။

အခုဖြစ်နေတဲ့အခြေအနေမှာ စီနီယာလူဟောင်းတွေအနေနဲ့ အပြောင်းအလဲအတွက် သြဇာသက်ရောက်နိုင်မှု နည်းပါတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပေါ် သူတို့ရဲ့ထောက်ခံမှု ကျဆင်းလာပြီး ဝေဖန်သံတွေ ကျယ်လောင်ပြင်းထန်လာတာတွေကို သတိပြုမိပါတယ်။ တပ်မတော်တခုလုံးရဲ့ ဂုဏ်သိက္ခာ၊ အခန်းကဏ္ဍနဲ့ အတိတ်က သူတို့ကြိုးပမ်းခဲ့တာတွေ သဲထဲရေသွန်ဖြစ်ရမှာကို လိုလားကြပုံမရပါဘူး။ တချိန်တည်းမှာ မင်းအောင်လှိုင်အလွန် တပ်မတော်ရဲ့ အခန်းကဏ္ဍ (တနည်း လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး) အတွက် စဉ်းစားချင့်ချိန်မှုတွေနဲ့ ဖောက်ထွက်ပြောဆိုမှုတွေကို စစ်တပ်လိုလားသူ၊ ဒါမှမဟုတ် စစ်တပ်အတွင်းကလို့ ယူဆရတဲ့ ဆိုရှယ်မီဒီယာ စာမျက်နှာတွေမှာပါ ပြောဆိုလာတာကို တွေ့မြင်လာရပါတယ်။ ■

## အလေးပေးဖော်ပြလိုသည်များ

**SPOTLIGHTS**

အခြား သတိပြုစရာ အကြောင်းအချက်များကိုလည်း သံခိပ်သဘော ပြောပြလိုသဖြင့်
‘အလေးပေးဖော်ပြလိုသည်များ (Spotlights)’ ကဏ္ဍကို ယခုအပတ်မှစတင်ပြီး အသစ်ထည့်ထားသည်။
ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ဖြစ်ခဲ့သော အကြောင်းအရာများအနက်
**သတိပြုစရာ ခုနစ်ခု**ကို ရက်စဉ်အလိုက် ကောက်နုတ်ဖော်ပြသွားပါမည်။

### တရုတ်နိုင်ငံအတွက် NUG ၏မူဝါဒ

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) က ‘တရုတ်တနိုင်ငံတည်း မူဝါဒ’ကို ထောက်ခံကြောင်းအပါအဝင် **တရုတ်နိုင်ငံနဲ့ပတ်သက်တဲ့ ရပ်တည်ချက်မူဝါဒ ၁၀ ချက်**ကို ထုတ်ပြန်ပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမတိုင်ခင်က ရှိခဲ့တဲ့ နှစ်နိုင်ငံအကြား စာချုပ်အားလုံးကို တာဝန်ယူမယ်ဆိုတာလည်း ပါခဲ့ပါတယ်။ အနောက်နိုင်ငံတွေနဲ့ ပိုနီးစပ်တယ်လို့ အညွှန်းခံရလေ့ရှိတဲ့ NUG ရဲ့ အခုထုတ်ပြန်ချက်က စိတ်ဝင်စားစရာပါ။ ‘စစ်ဆင်ရေး ၁၀၂၇’ ထိုးစစ် ပြင်းထန်နေချိန်နဲ့လည်း အချိန်ကိုက်ဖြစ်နေပါတယ်။


### ညောင်နှစ်ပင်တက်ခဲ့သူများအား ဂုဏ်ပြု

**ဇန်နဝါရီ** ၄ ရက်မှာကျရောက်တဲ့ ၇၆ ကြိမ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို စစ်ကောင်စီက ပြုလုပ်တဲ့အခါ အရင်နှစ်တွေကလို **ဗိုလ်ရှုခံသဘင် လုပ်ခဲ့တာမတွေ့ရပါဘူး။ အကျဉ်းသား ၉,၆၅၂ ဦးကို လွတ်ငြိမ်းခွင့်ပေး**ခဲ့တယ်ဆိုပေမဲ့ **နိုင်ငံရေးအကျဉ်းသား ၈၁ ဦး**ပဲ ပါခဲ့ပါတယ်။ အာဏာသိမ်းသုံးနှစ်တာကာလအတွင်း စစ်ကောင်စီရဲ့ **လွတ်ငြိမ်းခွင့် ၁၄ ကြိမ် ရှိခဲ့**ပြီး စုစုပေါင်း **၉၂,၅၆၀ ဦး**ကို ပြန်လွှတ်ခဲ့ပေမဲ့ **နိုင်ငံရေးအကျဉ်းသားပါဝင်မှုက ၈ ဒသမ ၃ ရာခိုင်နှုန်း**ပဲရှိတာကို ISP-Myanmar က လေ့လာတွေ့ရှိပါတယ်။ လွတ်လပ်ရေးနေ့မှာ ဘွဲ့ပေးတာတွေကို အစဉ်အလာအတိုင်း လုပ်ခဲ့ပါသေးတယ်။ ထူးခြားတာက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပေါ်ပေါက်စေခဲ့တဲ့ **အမျိုးသားညီလာခံမှာ ပါဝင်ခဲ့ကြသူ ၁,၀၂၁ ဦးကို ဂုဏ်ထူးဆောင်တံဆိပ်တွေ ပေးခဲ့**တာပါ။ မြန်မာ့သမိုင်းမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသုံးခုရှိခဲ့ပြီး ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ၁၅ နှစ်ပဲ ခံခဲ့သလို ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း ၁၄ နှစ်ပဲခံပါတယ်။ အခု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုတော့ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ဖျက်သိမ်းထားပါတယ်။

## ■ လွတ်ငြိမ်း ၁၄ ကြိမ်တွင် နိုင်ငံရေးအကျဉ်းသား ၈ ဒသမ ၃ ရာခိုင်နှုန်းသာ ပါဝင်

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ပထမပတ်အထိ)

စစ်ကောင်စီက စစ်အာဏာသိမ်းချိန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ပထမပတ်အထိ လွတ်ငြိမ်းခွင့် **၁၄ ကြိမ်** ကြေညာခဲ့ပြီး အကျဉ်းကျခံနေရသူ **၉၂,၅၆၀ ဦး**ကို ပြန်လွှတ်ခဲ့သည်။ ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသား **၇,၆၉၅ ဦး**၊ ရာခိုင်နှုန်းအားဖြင့် ပြန်လွှတ်ပေးသူ၏ **၈ ဒသမ ၃ ရာခိုင်နှုန်း**သာ ပါဝင်ခဲ့သည်။ စစ်အာဏာသိမ်းမှုကို လက်မခံမှုနှင့် ဆန့်ကျင်မှုများကြောင့် အကျဉ်းထောင်များတွင် ဖမ်းဆီးခံထားရသူ နိုင်ငံရေးအကျဉ်းသား **၁၉,၉၁၁ ဦးထက်မနည်း**ရှိနေဆဲဖြစ်ပြီး ထိုအထဲမှ **၈,၄၇၄ ဦးထက်မနည်း**သည် **ထောင်ဒဏ်တနှစ်မှ အမြင့်ဆုံး သေဒဏ်အထိ** ချမှတ်ခံထားရသည်။




မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ကဲ့သို့ လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။

## ● တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး၏ နေပြည်တော်ခရီး

**ဇန်နဝါရီ ၅ ရက်မှာ တရုတ်နိုင်ငံရဲ့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာစွန်းဝေတုန် မြန်မာနိုင်ငံကိုရောက်လာပြီး** စစ်ကောင်စီဥက္ကဋ္ဌနဲ့ တွေ့ခဲ့ပါတယ်။ သူနဲ့အတူ အာရှရေးရာအထူးကိုယ်စားလှယ် **မစ္စတာတိန့်ရှီကျွန်းလည်း ပါဝင်**ပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နယ်စပ်တည်ငြိမ်ရေးကိစ္စတွေကို ဆွေးနွေးခဲ့သလို နိုင်ငံခြားရေးဝန်ကြီးဌာနက အရာရှိကြီးတွေနဲ့လည်း စီးပွားရေးစင်္ကြံ၊ အာဆီယံ-လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုတွေကို ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီနေ့မှာပဲ စစ်ကောင်စီ ပြည်ထဲရေးဝန်ကြီးနဲ့ တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးတို့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုတွေနဲ့ နယ်စပ်ဒေသတည်ငြိမ်ရေးကိစ္စတွေကို အွန်လိုင်းကတဆင့် ဆွေးနွေးခဲ့ပါသေးတယ်။

## ● ဟိုင်ဂင်သဘောတူညီချက်

တရုတ်အစိုးရရဲ့ **ဖိအားပေးမှု**နဲ့အတူ တရုတ်နိုင်ငံ ကူမင်းမြို့မှာ **ဇန်နဝါရီ ၁၀ ရက်ကနေ ၁၁ ရက်**အတွင်း ပြုလုပ်ခဲ့တဲ့ တတိယအကြိမ်ဆွေးနွေးပွဲမှာ စစ်ကောင်စီနဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့အကြား 'ဟိုင်ဂင်သဘောတူညီချက်'ရခဲ့ပါတယ်။ အဲဒီသဘောတူညီချက် ခိုင်မြဲနိုင်ခြေရှိမလားဆိုတာ စောင့်ကြည့်ရမယ့် အရေးကြီးဖြစ်စဉ်များ (Trends to Watch) ကဏ္ဍမှာ ဆွေးနွေးထားပါတယ်။ ဇန်နဝါရီ ၁၁ ရက်မှာပဲ တရုတ်သံအမတ် **မစ္စတာ ချန်းဟိုင်ရေးခဲ့တဲ့** 'အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်၍ တရုတ်-မြန်မာဆက်ဆံရေး နက်ရှိုင်းစွာဖွံ့ဖြိုးတိုးတက်လာစေခြင်း' **အာဘော်ဆောင်းပါး**ကို စစ်ကောင်စီသတင်းစာ မြန်မာ့အလင်းမှာဖော်ပြခဲ့ပြီး တရုတ်ဆင်ဟွာသတင်းဌာနကလည်း ပြန်လည်ဖော်ပြခဲ့ပါတယ်။

## ● မြန်မာ့အရေး လာအိုနိုင်ငံ၏ ခြေလှမ်းအစ

**အာဆီယံ အလှည့်ကျဥက္ကဋ္ဌဖြစ်လာတဲ့ လာအိုနိုင်ငံရဲ့ မြန်မာ့အရေး အထူးကိုယ်စားလှယ်** မစ္စတာ အလန်ကယောက် ကစ်တစ်ဟွန်း ဇန်နဝါရီ ၁၀ ရက်မှာ နေပြည်တော်ကို လာခဲ့ပါတယ်။ လာအိုနိုင်ငံအနေနဲ့ မြန်မာ့အရေးနဲ့ပတ်သက်ပြီး အာဆီယံတူညီဆန္ဒငါးရပ် (5PC) အတိုင်း စတင်ဆောင်ရွက်နိုင်ဖို့ ခြေလှမ်းပြင်တဲ့သဘောပါပဲ။ သူဟာ အရင်တုန်းက လာအိုဝန်ကြီးချုပ်ရုံးဝန်ကြီး တာဝန်ယူခဲ့တဲ့ **ဝါရင့်သံတမန်တဦး** ဖြစ်ပါတယ်။ စစ်ကောင်စီဥက္ကဋ္ဌနဲ့ သီးခြားတွေ့ဆုံခဲ့သလို NCA အပစ်ရပ် လက်မှတ်ထိုးထားတဲ့ EAOs အဖွဲ့ခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီတွေနဲ့လည်း တွေ့ခဲ့ပါသေးတယ်။

## ● ထိုင်းကာချုပ်နှင့် မြန်မာစစ်ခေါင်းဆောင်

ဇန်နဝါရီ ၁၂ ရက်မှာ မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ **ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်** ဗိုလ်ချုပ်ကြီး ဆောင်ဝစ်နွန် ဖက်ဒီးတို့ **အွန်လိုင်းကတဆင့် တွေ့ဆုံဆွေးနွေး**ခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်မှုအဆင်ပြေရေး၊ မူးယစ်ဆေးနှိမ်နင်းရေး၊ နှစ်နိုင်ငံနယ်စပ်တည်ငြိမ်ရေး၊ အကြမ်းဖက်မှု၊ တရားမဝင်ကုန်သွယ်မှု၊ အွန်လိုင်းလောင်းကစားနဲ့ ငွေကြေးလိမ်လည်မှုတွေ တိုက်ဖျက်ရေးနဲ့ လူသားချင်းစာနာမှု အကူအညီ ပူးပေါင်းဆောင်ရွက်မှုတွေအပြင် နယ်စပ်ဒေသမှာ တောမီးလောင်တာနဲ့ နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့ညစ်ညမ်းမှုကိစ္စတွေကို ဆွေးနွေးခဲ့ကြတယ်လို့ သတင်းထုတ်ပါတယ်။ **ထိုင်းတပ်မတော်နဲ့ မြန်မာစစ်တပ်က ရင်းနှီးတဲ့ဆက်ဆံရေး ရှိကြပါတယ်။** ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်ကလည်း ထိုင်းတပ်မတော် ပူးတွဲစစ်ဆင်ရေးအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး ချက်ကပေါင် ဂျန်ပန်ပင် နေပြည်တော်ကိုလာပြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံမှုနှစ်ရပ်လုံးမှာ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကိစ္စတွေ ပါနေပါတယ်။ ကရင်ပြည်နယ်အတွင်းမှာ အွန်လိုင်းလိမ်လည်မှုတွေ၊ ဆိုက်ဘာကျွန်ပြုမှုတွေနဲ့ ဆက်စပ်ပြီး **ရွှေကုက္ကိုမြို့သစ်နဲ့ KK Park တို့လို တရုတ်မြို့သစ်စီမံကိန်းတွေက နာမည်ကြီး**ပါတယ်။ ဒီအပေါ်မှာ လက်နက်ကိုင်တပ်အားလုံး အကျိုးအမြတ်ရကြတယ်လို့ ယုံကြည်ရကြောင်း ဖော်ပြမှုတွေရှိပါတယ်။ ရွှေကုက္ကိုမြို့သစ်ကို နယ်ခြားစောင့်တပ် (BGF) က ထိန်းချုပ်ထားပါတယ်။ **KK Park ဟာ သူတို့နဲ့မသက်ဆိုင်ကြောင်း ကရင်အမျိုးသား အစည်းအရုံး (KNU) ကပြောဆို**ထားပါတယ်။

## ● ဒေါ်မာမာအေး ကွယ်လွန်ရှာပြီ

နိုင်ငံရေး၊ စစ်ရေးသတင်းတွေနဲ့အတူ ဝမ်းနည်းစရာတခုက မြန်မာ့ဂီတပညာရှင်တွေအကြား ထင်ပေါ်ကျော်ကြားသူ **ဒေါ်မာမာအေး ဇန်နဝါရီ ၈ ရက်မှာ ကွယ်လွန်**သွားတာ ဖြစ်ပါတယ်။ အသက် ၈၁ နှစ် ရှိပြီဖြစ်တဲ့ ဒေါ်မာမာအေးဟာ အမေရိကန်မှာရှိတဲ့ နေအိမ်မှာပဲ ကွယ်လွန်ခဲ့တာပါ။ ၁၉၈၈ အရေးတော်ပုံကာလတုန်းက သူ့သီချင်းတွေက ထင်ရှား လူကြိုက်များတာကြောင့်ပဲ နောက်ပိုင်းမှာ ပြည်ပမှာအခြေချဖို့ ရွေးချယ်ခဲ့ရပါတယ်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးကာလမှာလည်း သူဆိုခဲ့တဲ့ 'အသည်းနာ ကမ္ဘာမကျေ'သီချင်းက လူသိများထင်ရှားခဲ့ပါတယ်။ **စစ်ကောင်စီ သတင်းစာတွေမှာလည်း ဒေါ်မာမာအေး နာရေးသတင်းကို နေရာပေးဖော်ပြ**ခဲ့တာ ထူးခြားပါတယ်။ ■

## အာရုံစိုက်ထိုက်သော စာကိုးစကားကိုး

QUOTE OF THE WEEK

‘စစ်ကလည်း ဘယ်အချိန် ပြီးမလဲဆိုတာ မှန်းဆမရဘူး။
ကုန်ဈေးနှုန်းက ဆယ်ဆလောက်တက်သွားပြီ။
ဒီက လယ်သမားတွေအတွက်ကတော့
နောက်တရာသီစိုက်ဖို့က မသေချာမရေရာတော့ဘူး’

ရခိုင်လယ်သမား
ဦးမောင်ချေ

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဧရာဝတီသတင်းဌာနက ဖော်ပြခဲ့သော **‘အာဏာသိမ်းပြီးနောက် ဆက်တိုက်ကျဆင်းလာတဲ့ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ’** ဆောင်းပါးမှ ကောက်နုတ်ချက်။

ISP-Myanmar က ထုတ်ဝေထားတဲ့
သုတေသနအခြေခံ ဒေတာအချက်အလက်တွေနဲ့
စာအုပ်စာတမ်းတွေကို ISP ကပြင်ရပ်ဝန်းမှာ အခမဲ့ ရယူနိုင်ပါတယ်။

ISP Series

# တရုတ်နိုင်ငံက ပံ့ပိုးသော ယာယီအပစ်ရပ်စဲရေး ခိုင်မြဲမည်လော

မြန်မာ့အရေးသုံးသပ်သူများနှင့် စစ်ပွဲကိုလေ့လာသူများကမူ
ယခု သဘောတူညီချက်ကို ယာယီသဘော၊ နည်းဗျူဟာသဘောဟုသာ ရှုမြင်ကြပါသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀-၁၁ ရက်တွေက တရုတ်နိုင်ငံ ကူမင်းမြို့ ဆွေးနွေးပွဲမှာ ယာယီအပစ်ရပ်စဲရေး 'ဟိုင်ဂင်သဘောတူညီချက်' တရပ်ကို စစ်ကောင်စီနဲ့ ညီနောင်မဟာမိတ်သုံးဖွဲ့အကြား သဘောတူညီခဲ့ပါတယ်။ ဒါဟာ တရုတ်နိုင်ငံရဲ့ ဖိအားပေး ကြားဝင်ဖျန်ဖြေပေးမှုနဲ့ တတိယအကြိမ်ဆွေးနွေးပွဲ ရောက်မှသာ သဘောတူညီမှုတခု ရရှိခဲ့တာ ဖြစ်ပါတယ်။ ယာယီအပစ်ရပ်သဘောတူညီမှုလို့ ဘက်အသီးသီးက ဆိုခဲ့ကြပါတယ်။ ဒီနေရာမှာ တရုတ်နိုင်ငံက ပံ့ပိုးတဲ့ ယာယီအပစ်ရပ်စဲရေး ခိုင်မြဲမှာလားဆိုတာ စောင့်ကြည့်ရမယ့် အရေးကြီးဖြစ်စဉ်တရပ် ဖြစ်လာပါတယ်။

'စစ်ဆင်ရေး ၁၀၂၇' စတင်ပြီး နှစ်လကျော်လာတဲ့အချိန်မှာ ညီနောင်မဟာမိတ်သုံးဖွဲ့နဲ့ ပူးပေါင်းတပ်တွေက မြို့ ၁၆ မြို့နဲ့ အရေးပါတဲ့ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေကို ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ မြန်မာစစ်တပ်ရဲ့ တပ်မမှူးတွေကို ဖမ်းဆီးရမိတာ၊ လက်နက်ကြီးငယ် အများအပြားနဲ့ ဗျူဟာမြောက်စခန်းတွေကို သိမ်းဆည်းရမိတာ၊ စစ်စခန်း ၂၀၀ ကျော်ကို သိမ်းပိုက်နိုင်တာတွေ ရှိခဲ့ပါတယ်။ စစ်ကောင်စီအနေနဲ့ကတော့ တပ်ရင်းလိုက် လက်နက်ချတာတွေအပါအဝင် နောက်ဆုံး လောက်ကိုင်မြို့ကို စွန့်လွှတ်ဆုတ်ခွာခဲ့ရပြီး ရှမ်းမြောက်သံလွင်မြစ်အရှေ့ခြမ်းမှာ ခြေမချနိုင်တော့တဲ့အထိ အကြီးအကျယ် အရေးနိမ့်ခဲ့ပါတယ်။


တရုတ်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မစ္စမော်နင်ရဲ့ ဇန်နဝါရီ ၁၂ ရက် ပြောဆိုချက်မှာတော့ နှစ်ဖက်အင်အားစုတွေအနေနဲ့ ချက်ချင်းအပစ်ရပ်ဖို့၊ တိုက်ခိုက်မှုနဲ့ ထိတွေ့မှု မရှိစေရေး၊ သက်ဆိုင်ရာ အငြင်းပွားမှုနဲ့ တောင်းဆိုမှုတွေကို ငြိမ်းချမ်းသောနည်းနဲ့ ဆွေးနွေးဖြေရှင်းကြဖို့ သဘောတူညီကြတယ်လို့ သိရပါတယ်။ အင်အားစု နှစ်ဖက်စလုံးအနေနဲ့ နယ်စပ်ဒေသက တရုတ်နိုင်ငံသားတွေနဲ့ တရုတ်စီမံကိန်းတွေကို မထိခိုက်စေဖို့ ကတိပြုကြပါတယ်။ တရုတ်-မြန်မာနယ်စပ်ဒေသမှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှု ရရှိရေးအတွက် သက်ဆိုင်ရာပါဝင်ပတ်သက်သူအားလုံးက အသိစိတ်ရှိရှိနဲ့ အကောင်အထည်ဖော်ကြဖို့ သဘောတူညီတယ်လို့ ဖော်ပြပါတယ်။


ဒါပေမဲ့ မြန်မာ့အရေးသုံးသပ်သူတွေနဲ့ စစ်ပွဲကို စောင့်ကြည့်လေ့လာသူတွေကတော့ အခု သဘောတူညီချက်ကို ယာယီသဘော၊ နည်းဗျူဟာသဘောလို့သာ ရှုမြင်ကြပါတယ်။ သံသယအဖြစ်နဲ့ ရှုမြင်ကြသူတွေက အခု ယာယီအပစ်ရပ်စဲရေးဟာ ကာလသတ်မှတ်ချက် မပါဘူး၊ နယ်မြေသတ်မှတ်ချက် မပါဘူး၊ တိကျတဲ့ စာချုပ်သဘောတူညီချက်တွေ မရှိဘူးလို့ ထောက်ပြကြပါတယ်။ အခုသိမ်းပိုက်ထားတဲ့နယ်မြေတွေမှာ မြန်မာစစ်တပ်ဘက်က လက်နက်ကြီးနဲ့ပစ်ခတ်တာတွေ၊ လေကြောင်းတိုက်ခိုက်တာတွေမလုပ်ဖို့ ဆွေးနွေးပွဲမှာ သဘောတူညီခဲ့ပေမဲ့ သိပ်တော့ အာမခံချက်မရှိလှပါဘူး။ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာပြုလုပ်ခဲ့တဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီ(ကာ/လုံ) အစည်းအဝေးမှာ ယာယီ သမ္မတ ဦးမြင့်ဆွေက အခုအခြေအနေဟာ နိုင်ငံတော်ပြိုကွဲတဲ့အထိ ဖြစ်သွားနိုင်တယ်လို့ သုံးသပ်သတိပေးခဲ့ပေမဲ့ ကာ/လုံအစည်းအဝေးပြီးလို့ အချိန်နှစ်လသာကျော်လာတယ်၊ မြန်မာစစ်တပ်ဘက်က အရေးပါတဲ့ ဗျူဟာကုန်း၊ စစ်စခန်းကြီးတွေကို ပြန်သိမ်းဆည်းနိုင်တာ မရှိခဲ့သလို၊ နယ်မြေစွန့်လွှတ်နေရမှုကို လျော့ကျလာအောင်လည်း မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ မြန်မာစစ်တပ်အတွက် လေကြောင်းတိုက်ခိုက်မှု တခုတည်းကသာ အားသာချက်အဖြစ်ရှိနေတာပါ။

အပစ်ရပ်ဆွေးနွေးပွဲတွေ ဖြစ်လာဖို့၊ အောင်မြင်ဖို့ လိုအပ်ချက်တခုဖြစ်တဲ့ နှစ်ဖက် အထိနာတဲ့ အခြေအနေ (mutually hurting stalemate) က အခုအချိန်မှာ မရှိသေးပါဘူး။ ဒါကြောင့် တချိန်မှာ သေနတ်ပြန်ပေါက်နိုင်တယ်လို့လည်း လူအများက သုံးသပ်ကြပါတယ်။ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) အဖို့ သူတို့လိုလားတဲ့ လောက်ကိုင်မြို့အပါအဝင် ကိုးကန့်ဒေသအများအပြားကို ပြန်လည်သိမ်းယူထားပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသ-၁ အဖြစ် စတင်နေပါပြီ။ ဒီအတိုင်းပဲ တအန်းပြည်နယ်ထူထောင်လိုတဲ့ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ကလည်း သူတို့သတ်မှတ်ထားပြီးဖြစ်တဲ့ စစ်ဒေသခြောက်ခုအတွင်းက နယ်မြေတွေအပါအဝင် ပိုမိုကျယ်ပြန့်တဲ့ဒေသကို သိမ်းထားပြီး အုပ်ချုပ်ရေးယန္တရားထူထောင်ဖို့ လုပ်ဆောင်နေပါတယ်။ ရခိုင်ပြည်နယ်မှာလည်း ရက္ခိုင့်တပ်တော် (AA) က ထိုးစစ်ဆင်မှု ဆက်လက်ဆောင်ရွက်နေပြီး ပလက်ဝဒေသတခုလုံးကို သိမ်းယူနိုင်တဲ့အထိ အောင်မြင်မှုရထားပါတယ်။ 'ဟိုင်ဂင်သဘောတူညီချက်'ဟာ ရှမ်းမြောက်ဒေသကိုပဲ အထူးပြုထားပြီး ရခိုင်ပြည်နယ်မပါတာမို့ တိုက်ပွဲတွေ ဆက်ပြီးပြင်းထန်နိုင်ပါသေးတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းတွေ ပြန်ဖွင့်ပြီး ထိန်းချုပ်နိုင်ရေးနဲ့ ဗျူဟာကျတဲ့စခန်းကုန်းတွေကို စစ်ကောင်စီဘက်က ပြန်လိုချင်ပုံရပါတယ်။ ချင်းရွှေဟော်နဲ့ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို ပိတ်ထားရတာလည်း နှစ်လခွဲကျော်ရှိလာပါပြီ။ အလွယ်တကူ ပြန်ရဖို့တော့ ခက်နိုင်ပါသေးတယ်။

## ■ တအန်း(ပလောင်)ပြည်နယ်မျှော်မှန်းချက်နှင့် ဖြန့်ကြက်မှု

၁၉၆၃ ခုနှစ်တွင် စတင်ခဲ့သော တအန်း (ပလောင်) လက်နက်ကိုင်တော်လှန်ရေး လှုပ်ရှားမှုများအတွင်း ထင်ရှားခဲ့သည့် **ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော် (PSLO/PSLA)** နှင့် **တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)** အဖွဲ့များ၏ သက်ဆိုင်ရာကာလများအတွင်း ထိန်းချုပ်စိုးမိုးထားနိုင်ခဲ့သည့် ဒေသ အခြေအနေများကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ TNLA အဖြစ် ဖွဲ့စည်းလှုပ်ရှားခဲ့သည့် ၁၅ နှစ်နီးပါးကာလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များနှင့် မန္တလေးတိုင်း မိုးကုတ်မြို့နယ်တို့အထိ စိုးမိုးလှုပ်ရှားနိုင်ခဲ့ကြသည်။ အထူးသဖြင့် 'စစ်ဆင်ရေး ၁၀၂၇' စတင်ခဲ့ပြီးနောက်ပိုင်း တအန်းပြည်နယ်မျှော်မှန်းချက်နှင့်အတူ ရှမ်းမြောက်ဒေသမှ **မြို့ငါးမြို့**အထိ သိမ်းထားနိုင်ခဲ့ကြပြီး ၎င်းတို့၏ ထိန်းချုပ်စိုးမိုးဒေသများကိုလည်း ချဲ့ထွင်နိုင်ခဲ့ကြသည်။





မှတ်ချက် - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြား EAOs များ ထိန်းချုပ်လှုပ်ရှားသည့် နယ်မြေများရှိသော်လည်း ယခုမြေပုံတွင် TNLA တပ်ဖွဲ့များ၏ ထိန်းချုပ်နယ်မြေကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။

ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

# ■ လောက်ကိုင်မြို့ကို သိမ်းယူပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ရေးထူထောင်

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ)

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ညီနောင်မဟာမိတ်သုံးဖွဲ့နှင့် ပူးပေါင်းတပ်များက ‘စစ်ဆင်ရေး ၁၀၂၇’ ကို စတင်ခဲ့ပြီး စစ်ဆင်ရေး၏ ဦးတည်ရာဖြစ်သော လောက်ကိုင်မြို့ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်သိမ်းပိုက်နိုင်ခဲ့သည်။ ထို့အပြင် ချင်းရွှေဟော်၊ မုန်းကိုး၊ ပန်ဆိုင်း (ကြူကုတ်)နှင့် ကျင်စန်းကျော့ရှိ နယ်စပ်ဂိတ်လေးခုကိုလည်း ထိန်းချုပ်ထားနိုင်ခဲ့သည်။ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) က လောက်ကိုင်မြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသ-၁ အဖြစ် သတ်မှတ်၍ အုပ်ချုပ်ရေးယန္တရားထူထောင်ခဲ့သည်။ ထို့အပြင် ‘ဝ’ဒေသရှိ စစ်ကောင်စီထိန်းချုပ်ရာ ဟိုပန်မြို့နှင့် ပန်လုံမြို့တို့ကို ညီနောင်မဟာမိတ်တပ်များက သိမ်းယူခဲ့ပြီးနောက် ‘ဝ’ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ထံ ပြန်လွှဲပေးခဲ့သည်။





ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

# ■ ရခိုင်မြောက်ပိုင်းရှိ အဓိကစခန်းများကို ရက္ခိုင့်တပ်တော် သိမ်းယူ

(၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ)

'စစ်ဆင်ရေး ၁၀၂၇' စတင်ပြီးနောက်ပိုင်း ရခိုင်ပြည်နယ်တွင်လည်း တိုက်ပွဲများပြန်ဖြစ်ခဲ့ပြီး စစ်ကောင်စီတပ်စခန်းပေါင်း **၁၆၂ ခုထက်မနည်း**ကို ရက္ခိုင့်တပ်တော် (AA) က သိမ်းယူခဲ့သည်။ ထိုအထဲမှ စခန်းပေါင်း **၄၀ နီးပါး**သည် စစ်ကောင်စီက စွန့်ခွာသွားသဖြင့် အလွယ်တကူ သိမ်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။ 'စစ်ဆင်ရေး ၁၀၂၇' နောက်ပိုင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများနှင့် အိန္ဒိယနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖြစ်သော အိန္ဒိယ-မြန်မာ ကုလားတန်မြစ်ကြောင်း စီမံကိန်းဒေသများတဝိုက်တွင် ပိုဖြစ်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ပလက်ဝဒေသတခုလုံးအား ရက္ခိုင့်တပ်တော်က သိမ်းယူခဲ့သည်။




ရည်ညွှန်း - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များ ဖြစ်ပါသည်။ အခြား လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ စခန်းတည်နေရာများနှင့် လှုပ်ရှားထိန်းချုပ်ဧရိယာများသည် မြေပြင်အခြေအနေနှင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

တရုတ်နိုင်ငံဘက်ကတော့ အခုလို နယ်စပ်ဒေသမှာ မငြိမ်းချမ်း၊ မတည်ငြိမ်တာကို မလိုလားပါဘူး။ တဖက်မှာတော့ ပိုလို့ အကျိုးစီးပွား ကြီးမားကျယ်ပြန့်တဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC)၊ ကုန်သွယ်ရေး-ရင်းနှီးမြှုပ်နှံမှု အကျိုးစီးပွားကြီးတွေ ရှိနေပါတယ်။ တလောကပဲ ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ ရေနက်ဆိပ်ကမ်း ဖြည့်စွက်သဘောတူညီချက်တွေ လက်မှတ်ရေးထိုးခဲ့တာရှိပါတယ်။ အခု မြောက်ပိုင်းဒေသနဲ့ ဆက်သွယ်ရေးလမ်းမကြီးတွေမှာ ဖျက်ဆီးခံခဲ့ရတဲ့ တံတားတွေကို တရုတ်နိုင်ငံက ကူညီပြင်ဆင်ပေးမယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဆွေးနွေးပွဲတက်ရောက်တဲ့ အဖွဲ့အစည်းတွေက ထုတ်ဖော်ပြောဆိုကြတာတော့ မရှိပါဘူး။ ဒီလိုဆိုရင် ပဋိပက္ခဖြစ်ပွားနေတဲ့ အင်အားစုနှစ်ဖက်လုံးက တိုက်ခိုက်ဖျက်ဆီးဖို့ ခက်ခဲနိုင်ပါတယ်။ ဒီအချက်က ကြားဝင်ဖျန်ဖြေသူအင်အားစုတွေရဲ့ လုပ်ဆောင်နိုင်တဲ့ ပါဝါအင်အား အရေးကြီးကြောင်း ဖော်ပြချက်တခုလည်း ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက မြန်မာ့အရေး ကြားဝင်ဖျန်ဖြေပေးသူ ဆာဆာကာဝါအနေနဲ့ မြန်မာ့အရေး (အထူးသဖြင့် ရခိုင်ပြည်နယ် ပဋိပက္ခကိစ္စအပေါ်) ကို အပြုသဘော ကြားဝင်ကူညီခဲ့ပေမဲ့ အခုလို ရုပ်ပိုင်း၊ စည်းကြပ်မှုအပိုင်းမှာတော့ ထဲထဲဝင်ဝင် မဆောင်ရွက်နိုင်ခဲ့ပါဘူး။

ညီနောင်သုံးဖွဲ့ကြေညာချက်တခုမှာတော့ အခု ယာယီအပစ်ရပ် သဘောတူညီချက် ရယူခဲ့ရတာကတော့ ရှောင်လွှဲလို့မရတဲ့ အကြောင်းတွေကြောင့်လို့ ဖော်ပြခဲ့ပါတယ်။ အပစ်မရပ်ရင် ညီနောင်သုံးဖွဲ့သိမ်းပိုက်ထားတဲ့ နယ်မြေထဲကို တရုတ်နိုင်ငံဘက်က ဘာပစ္စည်းတခုမှ တင်သွင်းခွင့်မရအောင် ပိတ်ဆို့မယ်လို့ အကျပ်ကိုင်ခဲ့တယ်လို့ သိရပါတယ်။ မီဒီယာတွေမှာ အတိအလင်း ထုတ်ဖော်ပြောဆိုတာတော့ မတွေ့ရပါဘူး။ ညီနောင်သုံးဖွဲ့က စစ်အာဏာရှင်စနစ် ပြုတ်ကျရေးနဲ့ နွေဦးတော်လှန်ရေးနဲ့အတူ တိုက်ပွဲဝင်ရေးဆိုတဲ့ ရည်ရွယ်ချက်တွေ မစွန့်လွှတ်သေးဘူးလို့ဆိုပေမဲ့ အကန့်အသတ်ကတော့ ကြီးမားလာနေပါတယ်။ တဖက်မှာလည်း အခုလို အားမတန် မာန်လျှော့လိုက်ရတဲ့ အခြေအနေက မြန်မာ့သမိုင်းတလျှောက်မှာ ကာကွယ်စောင့်ရှောက်သူနေရာက အမြဲနေရာယူထားသူ မြန်မာစစ်တပ်အဖို့ မျိုချရလွယ်တဲ့ အဖြစ်မဟုတ်ပါဘူး။ နောက်ထပ် ခိုင်မာတဲ့ ကတိကဝတ်တခုမရှိမချင်း ပစ်ခတ်တိုက်ခိုက်မှုတွေက အချိန်မရွေး ပေါ်ပေါက်လာနိုင်တာကို သတိပြုရပါမယ်။ ■

# ဒေသတလွှား ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲများ

The Economist ဂျာနယ်ကမူ ယခုနှစ်ကို သမိုင်းတွင် ‘အကြီးမားဆုံး ရွေးကောက်ပွဲနှစ်’ဟု ခေါ်ဆိုထားပါသည်။ သို့သော် ဒီမိုကရေစီ ပိုတိုးလာသည်ဟု မဆိုနိုင်ပေ။

---

၂၀၂၄ ခုနှစ်အတွက် ထူးခြားချက်က နိုင်ငံပေါင်း ၆၄ ခုမှာ ရွေးကောက်ပွဲတွေရှိပြီး လူသန်းပေါင်း ၄,၀၀၀ ကျော်ဟာ အသည်းကြားကမဲတပြားကို ပေးကြပါလိမ့်မယ်။ ကမ္ဘာတလွှားမှာ အရင်အချိန်တွေကထက်စာရင် မဲပေးခွင့်ရတဲ့သူ၊ မဲပေးသူ ပိုများလာတာကို သက်သေပြနေပါတယ်။ The Economist ဂျာနယ်ကတော့ အခုနှစ်ကို သမိုင်းမှာ ‘အကြီးမားဆုံးရွေးကောက်ပွဲနှစ်’လို့ ခေါ်ဆိုထားပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီ ပိုတိုးလာတယ်လို့တော့ မဆိုနိုင်ပါဘူး။ ရွေးကောက်ပွဲအများစုကလည်း တရားမျှတမှာ မဟုတ်ပါဘူး။

၂၀၂၄ ခုနှစ်ရဲ့ အစောဆုံးအနေနဲ့ ဇန်နဝါရီ ၇ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပါတယ်။ လက်ရှိဝန်ကြီးချုပ် ရှိက်ဟာဆီနာရဲ့ အဝါမီလိဂ်ပါတီက ခိုင်လုံမဲတွေရဲ့ ၄၀ ရာခိုင်နှုန်းနဲ့ ကိုယ်စားလှယ်နေရာ ၃၅၀ အနက် ၂၂၂ နေရာ အနိုင်ရတယ်လို့ ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲကို တင်းကျပ်တဲ့ ရဲနဲ့ စစ်တပ်လုံခြုံရေးတွေအောက်မှာ ကျင်းပခဲ့ရပါတယ်။ ရွေးကောက်ပွဲမတိုင်မီ အတိုက်အခံပါတီတွေကို ဖိနှိပ်မှုတွေရှိတာကြောင့် ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ (BNP) က ရွေးကောက်ပွဲမဝင်ဘဲ သပိတ်မှောက်ခဲ့ပါတယ်။ အခုလည်း အကြီးအကျယ် ဆန္ဒပြမယ်လို့ ကြေညာထားပါတယ်။ အခုတကြိမ်ဆိုရင် ရှိက်ဟာဆီနာ ဝန်ကြီးချုပ်ဖြစ်တာ သက်တမ်းလေးကြိမ် (တကြိမ်လျှင် ငါးနှစ်) ရှိပါပြီ။ အာဏာရှင်ဆန်လွန်းတယ်လို့ စွပ်စွဲချက်တွေလည်း အကျယ်အပြန့်ရှိပါတယ်။

ထိုင်ဝမ်ကျွန်းမှာတော့ ဇန်နဝါရီလ ၁၃ ရက်က သမ္မတရွေးကောက်ပွဲ ကျင်းပခဲ့ပါတယ်။ အဓိကအားဖြင့် လက်ရှိအာဏာရ တိုးတက်သောဒီမိုကရက်တစ်ပါတီ (DPP) နဲ့ အတိုက်အခံ အမျိုးသားရေးဝါဒီတွေဖြစ်တဲ့ ကူမင်တန် (KMT) ပါတီတို့ ပြိုင်ကြရပါတယ်။ တရုတ်ပြည်မကြီးနဲ့ပတ်သက်လို့တော့ ဒီနိုင်ငံရေးပါတီတွေရဲ့အမြင်က ကွာခြားကြပါတယ်။ DPP ပါတီကတော့ သူတို့ရဲ့ တရုတ်လူမျိုးအရ ရေသောက်မြစ်ဆက်သွယ်မှုအပေါ်မှာ သိပ်အလေးမထားကြပါဘူး၊ ဒါပေမဲ့ ကူမင်တန်ပါတီကတော့ တရုတ်ပြည်မကြီးနဲ့ သူတို့ဟာ တရုတ်လူမျိုးတွေပဲ၊ နိုင်ငံရေးအဓိပ္ပာယ်ဖွင့်မှုမှာတော့ ကွာခြားမှုရှိတယ်လို့ မြင်ကြပါတယ်။

ရွေးကောက်ပွဲရလဒ်တွေအရ DPP ပါတီက သမ္မတလောင်း လိုင်ချင်းတေ (Lai Ching-te) က ၄၀ ဒသမ ၁ ရာခိုင်နှုန်းနဲ့အနိုင်ရပြီး ပြိုင်ဘက် ကူမင်တန်ပါတီက မဲ ၃၃ ဒသမ ၅ ရာခိုင်နှုန်းရပါတယ်။ ဘယ်သူပဲ အနိုင်ရသည်ဖြစ်စေ၊ ပင်လယ်တခုကွာခြားနေတဲ့ကြားက တရုတ်နိုင်ငံနဲ့ ဆက်ဆံရေး မပျက်လိုကြပါဘူး။ ထိုင်ဝမ်ကျွန်းကို တိုက်ခိုက်လာဖို့ အကြောင်းပြချက်ပေးတာမျိုး မဖြစ်စေလိုသလို၊ ပိုနေမြဲ ကျားနေမြဲမူခြေ (Status quo) ကိုလည်း ဆက်လက်ထိန်းသိမ်းထားလိုကြပါတယ်။

အမေရိကန်ပြည်ထောင်စု ရွေးကောက်ပွဲတွေကတော့ နိုဝင်ဘာလမှ လုပ်မှာပါ။ ဒါပေမဲ့ နိုင်ငံရေးအရ ကွဲပြားမှုကြီးလွန်းနေတဲ့ အမေရိကန်ရွေးကောက်ပွဲက ပြိုင်ဆိုင်မှု အထူးပြင်းထန်ပါလိမ့်မယ်။ ရေရှည်ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးဇာတ်လမ်းကတော့ အခုအချိန်မှာ အမေရိကန်ပြည်ထောင်စုအတွက်ရော ကမ္ဘာကြီးအတွက်ပါ အန္တရာယ်ရှိနိုင်တဲ့ အကျိုးဆက်တွေကြုံတွေ့ရနိုင်ပါတယ်။ သမ္မတဂျိုးဘိုင်ဒင်လက်ထက်မှာ တရားမဝင် ပြောင်းရွှေ့အခြေချလာသူတွေ ခြောက်သန်းလောက်ဝင်လာတာ၊ နိုင်ငံခြားရေးမူဝါဒ ပျော့ညံ့တာ၊ စီးပွားရေးထိုင်းမှိုင်းနေတာတွေကြောင့် သူ့အတွက် အခြေအနေကောင်းတော့ မဟုတ်ပါဘူး။ တဖက်မှာလည်း ပြိုင်ဘက် ရီပါပလစ်ကန်သမ္မတလောင်း ထရမ့်က အမှုစွပ်စွဲရင်ဆိုင်နေရသလို သူ သမ္မတဖြစ်လာရင်ဆိုတဲ့ စိုးရိမ်ပူပန်သူလည်း အများအပြားရှိနေကြပါတယ်။

ဗင်နီဇွဲလားနိုင်ငံမှာလည်း မကြာသေးခင်နှစ်များအတွင်း နိုင်ငံကနေ လူသန်းပေါင်းများစွာ ထွက်ပြေးနေခဲ့ကြပေမဲ့ ရွေးကောက်ပွဲရှိပါမယ်။ သမ္မတ နီကိုလပ်စ်မာဒူရိုရဲ့ ဆိုရှယ်လစ်အစိုးရအနေနဲ့ တလောက ဆန္ဒခံယူပွဲနဲ့သိမ်းသွင်းခဲ့တဲ့ ရေနံကြွယ်ဝလှတဲ့ ဂူယားနားဒေသ (Guyana) နဲ့ပတ်သက်ပြီး ရွေးကောက်ပွဲအောင်မြင်ရေး ကြိုးစည်လာဖွယ်ရှိပါတယ်။

မြန်မာ့အိမ်နီးချင်း အင်အားကြီးနိုင်ငံတခုဖြစ်တဲ့ အိန္ဒိယမှာလည်း ဧပြီ ဒါမှမဟုတ် မေလမှာ ပါလီမန်ရွေးကောက်ပွဲတွေ ရှိမှာပါ။ လက်ရှိဝန်ကြီးချုပ် နာရိန္ဒြာမိုဒီရဲ့ မော်မျက်လှည့်က အလုပ်ဖြစ်နေသေးတယ် ထင်ပါတယ်။ စီးပွားရေးတိုးတက်ဖို့၊ လူလတ်တန်းစား ထွန်းကားဖို့ ဖြစ်စေမှာပါ။ နိုင်ငံရေးအရတော့ အိန္ဒိယက တရုတ်နိုင်ငံနဲ့ ချိန်ခွင်လျှာညှိဖို့ အမေရိကန်နဲ့ ပိုလို့နီးကပ်လာတာကို တွေ့မြင်ရပါတယ်။ ၂၀၂၄ ခုနှစ်အတွက် အင်ဒိုနီးရှား၊ ဘူတန်၊ နီပေါ၊ မလေးရှား၊ ပါကစ္စတန်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ အစ္စရေး၊ အီရန်၊ မွန်ဂိုလီးယား၊ အဇာဘိုင်ဂျန်၊ တူရကီ၊ ရုရှားနဲ့ ဗြိတိန်တို့မှာလည်း ရွေးကောက်ပွဲတွေ ရှိပါလိမ့်မယ်။ ■

## အကြံပြု မေးမြန်းနိုင်ပါသည်

### FEEDBACK & FEEDFORWARD

'ISP ကပြင်ရပ်ဝန်း'ဆိုတာ လူမှုအသိုက်အဝန်းတခုလို ဖွဲ့စည်းထားတာပါ။
တကြောင်းသွား ဆက်ဆံရေးမျိုး မဟုတ်ပါဘူး။ ရပ်ဝန်းသူ၊ ရပ်ဝန်းသားတွေဆီက
အမြင်တွေလည်း ပြန်လည်ကြားသိချင်ပါတယ်။ တုံ့ပြန်အမြင်တွေနဲ့
အကြံပြုချက်တွေကိုလည်း မျှော်လင့်ပါတယ်။ 'ISP ကပြင်ရပ်ဝန်း'ကို
ချစ်ခြင်းနဲ့ စည်ပင်မြိုင်ဆိုင်တဲ့ ရပ်ဝန်းတခု ဖြစ်စေလိုပါတယ်။

ဒါကြောင့် အကြံပေးချင်တာ၊ ထပ်သိချင်တာ၊ ပြောပြချင်တာ၊
ဆွေးနွေးချင်တာရှိရင် အခု လက်ခံရရှိတဲ့မေးလ်ကို
ပြန်ပြီး ဆက်သွယ်ပြောပြလို့ရသလို၊ 'ISP ကပြင်ရပ်ဝန်း'ဝက်ဘ်ဆိုက်စာမျက်နှာမှာလည်း
မှတ်ချက်ဝင်ရေးရင်း လင်းပွင့်လွတ်လပ်စွာ ပြောဆိုဆွေးနွေးနိုင်ပါတယ်။
ဒါ့အပြင် ဖုန်းနံပါတ် +၆၆ ၈၀ ၇၄၇ ၉၇၁၂ ကို ဆက်သွယ်ပြီး
Signal, Whatsapp, Viber, Line တွေကတဆင့်
လုံခြုံစိတ်ချစွာ ချိတ်ဆက်ဆွေးနွေး ပြောဆိုလို့လည်းရပါတယ်။

| ISP Telegram | ISP YouTube | ISP X (Twitter) |
|---|---|---|

+66 80 747 9712
PO Box 149, Chiang Mai University PO, Chiang Mai, 50202.